INDORAMA VENTURES

# Indorama Ventures
# အများပိုင် ကုမ္ပဏီ လီမိတက်

# ကော်ပိုရိတ် အုပ်ချုပ်မှု မူဝါဒ

*(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပြုလုပ်ခဲ့သော*
*ဒါရိုက်တာများဘုတ်အဖွဲ့ အစည်းအဝေး အမှတ် ၁/၂၀၁၉ အတည်ပြုချက်အရ)*

မှတ်ချက်
ဤမူဝါဒတွင် ပါဝင်သော အကြောင်းအရာများသည် ပြည်နယ်အတွင်း တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ငြိစွန်းမှုများရှိပါက
အဆိုပါတည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသာ အတည်ဖြစ်သည်။

# ဥက္ကဋ္ဌထံမှ သဝဏ်လွှာ

Indorama Ventures အများပိုင်ကုမ္ပဏီလီမိတက်(ကုမ္ပဏီ)သည် ကုမ္ပဏီအတွက်ယုံကြည်လက်ခံမှု တည်ဆောက်ရာတွင် ကော်ပိုရိတ်အုပ်ချုပ်ရေးသည် အဓိကသော့ချက်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ၎င်းစနစ်သည် ကုမ္ပဏီနှင့်ပါဝင်ပက်သက်သူများ ရေရှည်စီးပွားတိုးရေးနှင့် ကုမ္ပဏီကို ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုနှင့် တိုးတက်စေပါသည်။ အဆုံးသတ်ပန်းတိုင်သည် ကျွန်ုပ်တို့၏အစုရှယ်ယာဝင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ အခြားပါဝင်ပက်သက်သူများ၏ မျှော်လင့်ချက်နှင့် ပြည့်မှီရန် ဖြစ်ပါသည်။

ယခုကော်ပိုရိတ်အုပ်ချုပ်ရေးမူဝါဒသည် ဒါရိုက်တာများဘုတ်အဖွဲ့၊ စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများ၏တာဝန်နှင့် ဝတ္တရားများ ဖွဲ့စည်းပုံကို သတ်မှတ်ထားပါသည်။

ဒါရိုက်တာများ၊စီမံခန့်ခွဲရေးများနှင့်ဝန်ထမ်းများအားလုံး ကော်ပိုရိတ်အုပ်ချုပ်ရေးမူဝါဒ၏အရေးပါမှုကိုသတိမူမိပြီး တိတိကျကျလိုက်နာရန်လိုအပ်ကြောင်း သိစေရန် ကုမ္ပဏီသည် အကောင်းဆုံးအားထုတ်သွားပါမည်။

(Mr. Sri Prakash Lohia)

ဥက္ကဋ္ဌ
Indorama Ventures အများပိုင် ကုမ္ပဏီလီမိတက်

# ကော်ပိုရိတ် အုပ်ချုပ်ရေး မူဝါဒ

ဒါရိုက်တာများ၊ စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများမှတဆင့် ကုမ္ပဏီ၏ လုပ်ရားမှုများကို လုပ်ဆောင်သည့်အခါ ကောင်းမွန်သော ကော်ပိုရိတ် အုပ်ချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုအချက်ကို လူ့အဖွဲ့အစည်း၏ တာဝန်သိသော အဖွဲ့သားတစ်ယောက်အဖြစ် အလုံးစုံအောင်မြင်မှုကို မြှင့်တင်ပေးနိုင်သည့် အရေးကြီးအချက်ဟု ယူဆပါသည်။

ကုမ္ပဏီသည် ဤ ကော်ပိုရိတ် အုပ်ချုပ်ရေး မူဝါဒ တင်ပြချက်ကို ဒါရိုက်တာများ၊ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းများအား Stock Exchange of Thailand နှင့် Organization for Economic Co-operation and Development (OECD) ၏ကော်ပိုရိတ် အုပ်ချုပ်ရေး လိုအပ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လမ်းညွှန်ချက်များကို ချမှတ်ပေးနိုင်ရန် ပြင်ဆင်ထားပြီး အောက်ဖော်ပြပါ သော့ချက်သဘောတရားများ ထည့်သွင်းထားပါသည်။

- အပိုင်း ၁: အစုရှယ်ယာဝင်များ၏ ရပိုင်ခွင့်
- အပိုင်း ၂: အစုရှယ်ယာဝင်များကို တရားမျှတစွာ ဆက်ဆံမှု
- အပိုင်း ၃: အခြားပါဝင်ပက်သက်သူများ၏ ကဏ္ဍများ
- အပိုင်း ၄: သတင်းအချက်အလက် ထုတ်ပြန်မှုနှင့် ပွင့်လင်းမြင်သာမှု
- အပိုင်း ၅: ဒါရိုက်တာများ ဘုတ်အဖွဲ့၏ တာဝန်နှင့်ဝတ္တရားများ

ယခုမူဝါဒကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ နယ်ပယ်များ၊ လုပ်ငန်းစဉ်များ၊ အလေ့အကျင့်များကို တိတိကျကျ အသေးစိတ်ရှင်းလင်းဖော်ပြထားသည့် အချက်အလက်များကို ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်သွားပါမည်။

## အပိုင်း ၁:  အစုရှယ်ယာဝင်များ၏ ရပိုင်ခွင့်များ

ရှယ်ယာဝင်များ၏ ရပိုင်ခွင့်များကို ကာကွယ်ခြင်းနှင့် မှန်မှန်ကန်ကန် ကျင့်သုံးမှု ပြုလုပ်ခြင်း၏ အရေးပါမှုကို နားလည်ထားသည်နှင့်အညီ ကုမ္ပဏီသည် ရှယ်ယာဝင်များအားလုံးအပေါ် သမာသမတ်ကျပြီး မျှတစွာ ဆက်ဆံရေး မူဝါဒကို အောက်ပါအတိုင်း ထူထောင်လိုက်ပါသည်။

### (က) ရှယ်ယာဝင်များ၏ ရပိုင်ခွင့်များ ကျင့်သုံးမှုကို တိုးမြှင့်ခြင်း

ကုမ္ပဏီသည် ရှယ်ယာဝင်များအားလုံးကို ၎င်းတို့၏ရပိုင်ခွင့်များအား သမာသမတ်ကျကျ ကျင့်သုံးရန် အားပေးပါသည်။ ရှယ်ယာဝင်များ အားလုံးကို ရှယ်ယာဝင်များ အစည်းအဝေးတက်ရောက်ရန်နှင့် ထင်မြင်ယူဆချက်များ၊ ဒါရိုက်တာများ ဘုတ်အဖွဲ့သို့ အကြံဉာဏ်များပေးရန် တိုက်တွန်းပါသည်။

### (ခ) ရှယ်ယာဝင်များ အစည်းအဝေးတက်ရောက်ခြင်းနှင့် မဲပေးခြင်းများ ဆောင်ရွက်ခြင်း

ကုမ္ပဏီသည် အထွေထွေ အစည်းအဝေးများ၌ အရေးကြီးကိစ္စများအတွက် ဆုံးဖြတ်ချက်ချရာတွင် ရှယ်ယာဝင်များ ပါဝင်ဆွေးနွေးကြရန်နှင့် ဆန္ဒမဲများပေးကြပါရန် တိုက်တွန်းအပ်ပါသည်။ ဆုံးဖြတ်ချက်များ အားလုံးကို မဲခွဲစစ်တမ်းကောက် ဆုံးဖြတ်ခြင်းဖြစ်သည်။

### (ဂ) ရှယ်ယာဝင်များ အစည်းအဝေးနှင့် ပက်သက်သော သတင်းအချက်အလက်များ ထုတ်ပေးခြင်း

ကုမ္ပဏီသည် အထွေထွေ အစည်းအဝေးများ၊ အရေးကြီးသတင်းများ၊ အစည်းအဝေး လိုအပ်ချက်များနှင့် အစီအစဉ်ပါ ကိစ္စရပ်တိုင်းအတွက် မဲခွဲဆုံးဖြတ်ခြင်း အပါအဝင် လုပ်နည်းလုပ်စဉ်များကို ရှယ်ယာဝင်တိုင်း သတင်းရရှိရန် သေချာအောင် ဆောင်ရွက်ပါမည်။ ကုမ္ပဏီသည် ရှယ်ယာဝင်များ အစည်းအဝေးမတက်မီ သတင်းအချက်အလက်အားလုံးကို လေ့လာနိုင်ရန် ရှယ်ယာဝင်များ အားလုံးကို အထွေထွေ အစည်းအဝေးနှင့် ပက်သက်သော သတင်းအချက်အလက်အားလုံးကို ၂၁ရက်(၇ရက်ထက် မနည်း) ကြိုတင်၍ ဖြန့်ဝေပေးသွားပါမည်။ ထို့အပြင် အစည်းအဝေးအသိပေးချက်မထုတ်ဝေမီ ကုမ္ပဏီ၏ ဝတ်ဘ်ဆိုဒ်တွင် သတင်းအချက်အလက်များအားလုံး တင်ပြထားပါမည်။

**(ဃ) အထွေထွေ အစည်းအဝေးများတွင် ရှယ်ယာဝင်များ မေးခွန်းထုတ်ရန်နှင့် ကိုယ်ပိုင်အမြင်များ ထုတ်ဖော်ရန် အခွင့်အရေးပေးခြင်း**

အထွေထွေ အစည်းအဝေးများအားလုံးတွင် ကုမ္ပဏီသည် ရှယ်ယာဝင်များအားလုံးကို မေးခွန်းများမေးခြင်း၊ ကိုယ်ပိုင်အမြင် သုံးသပ်ချက်များ ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် အကြံပြုချက်များပေးခြင်းတို့ ပြုလုပ်နိုင်သည့် အခွင့်အရေးများ ပေးအပ်သွားပါမည်။

## အပိုင်း ၂:  အစုရှယ်ယာဝင်များကို တရားမျှတစွာ ဆက်ဆံမှု

### (က) တရားမျှတစွာ ဆက်ဆံမှု

ကုမ္ပဏီသည် ရှယ်ယာဝင်များအား တရားမျှတစွာဆက်ဆံရေးနှင့် သတင်းအချက်အလက်များ မျှတစွာရရှိရန် အခွင့်အရေးပေးရမည်ဟု ယုံကြည်ပါသည်; ရှယ်ယာဝင်များကိုလည်း ဒါရိုက်တာများ ရွေးချယ်ခြင်းနှင့် အခြားသော အစီအစဉ်အကြောင်းအရာများကို  တောင်းဆိုခြင်းတို့ကို ကုမ္ပဏီ ဝတ်ဘ်ဆိုဒ်မှတစ်ဆင့် ပြုလုပ်ခွင့်ပေးသွားပါမည်။

### (ခ) ရှယ်ယာဝင်များ အစည်းအဝေးပြုလုပ်ခြင်း လုပ်ငန်းစဉ်

ကုမ္ပဏီသည် အထွေထွေ အစည်းအဝေးများတက်ရောက်နိုင်မှု မရှိသော ရှယ်ယာဝင်များအတွက် ကိုယ်စားလှယ် စေလွှတ်နိုင်ရန် စီစဉ်ပေးသွားပြီး တက်ရောက်နိုင်မှုမရှိသော ရှယ်ယာဝင်များ အနေဖြင့် ကိုယ်စားလှယ်မှ တစ်ဆင့် ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာ ခန့်အပ်ခြင်း ပြုလုပ်နိုင်ရန် အားပေးသွားပါမည်။

### (ဂ) အတွင်းစည်း သတင်းအချက်အလက်များ အသုံးပြုခြင်း

ကော်ပိုရိတ် သတင်းအချက်အလက်များ (အထူးသဖြင့် အတွင်းသတင်းများ ပြည်သူလူထုထံ မမှန်မကန် မပေါက်ကြားရန်) လုံခြုံတင်းကြပ်ရန် ကုမ္ပဏီ ဒါရိုက်တာများ၊ စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများ၏ တာဝန်ဖြစ်ပြီး ထိုသူတို့၏ ကိုယ်ပိုင်အကျိုး သို့မဟုတ် အခြားသူများ အကျိုးအတွက် ရည်ရွယ်၍ အတွင်းစည်းသတင်းအချက်အလက်ဖလှယ်ခြင်းဆိုင်ရာ ဥပဒေများနှင့် မူဝါဒများကို လိုက်နာရန် လိုအပ်ပါသည်။

### (ဃ) အကျိုးစီးပွား ပဋိပက္ခ

Stock Exchange Commission နှင့် Stock Exchange of Thailand ၏စည်းမျဉ်းစည်းကမ်းများ နှင့်အညီဒါရိုက်တာများ၊စီမံခန့်ခွဲရေးနှင့်ဝန်ထမ်းများသည်မိမိတို့တွင်ရှိသော အကျိုးစီးပွားများကြောင့် အကျိုးစီးပွား သို့မဟုတ် ချိတ်ဆက်ငွေလွှဲခြင်း ပဋိပက္ခ တစ်စုံတစ်ရာဖြစ်ပေါ်လာနိုင်သောကြောင့် သင့်တော်သည့် အချိန်တွင် မိမိအကျိုးစီးပွားကို ဖော်ထုတ်ရမည်။

## အပိုင်း ၃:  အခြားပါဝင်ပက်သက်သူများ၏ ကဏ္ဍများ

ကုမ္ပဏီသည် ရှယ်ယာဝင်များ၊ ဖောက်သည်များ၊ ဝန်ထမ်းများ၊ ကုန်သွယ်ဖက်များနှင့် ငွေချေးသူများ၊ လူထုနှင့် ပြိုင်ဘက်များ စသော ပါဝင်ပက်သက်သူများကို သာတူညီမျှဆက်ဆံရေး အထွေထွေ သဘောတရားကို လိုက်နာပါမည်။ ကုမ္ပဏီ၏ သာတူညီမျှရေးနှင့် ပွင့်လင်းမြင်သာရေး ရည်မှန်းချက်များကို ရရှိရန်ကြိုးပမ်းမှုတွင် ပါဝင်ပက်သက်သူများ၏ အကျိုးစီးပွားကို အောက်ပါအတိုင်း အသိအမှတ်ပြုပါသည်။

### (က) ရှယ်ယာဝင်များ

ရှယ်ယာဝင်များ၏ ရပိုင်ခွင့်နှင့် ဆက်ဆံပုံများအား အပိုင်း ၁ နှင့် ၂ တွင် ရှင်းပြခဲ့ပြီးဖြစ်သည်။

### (ခ) ဖောက်သည်များ

ကုမ္ပဏီသည် ဖောက်သည်များနှင့် ရေရှည်နှင့် သစ္စာရှိသော ဆက်ဆံရေးကို ထိန်းသိမ်းရန်နှင့် အားကောင်းစေရန် ကြိုးပမ်းပါမည်။ ကျွန်ုပ်တို့သည် ဖောက်သည်များ စိတ်ချမ်းသာမှုရရှိစေရန် ဖောက်သည်များ၏ လိုအပ်ချက်ကို အကောင်းဆုံးဖြည့်တင်းပေးနိုင်မည့် အရည်အသွေးမြင့် ထုတ်ကုန်များ၊ ဝန်ဆောင်မှုကောင်းများကို ချိုသာသောဈေးနှုန်းနှင့် ပေးနိုင်ရန်၊ အမြင့်ဆုံး အဆင့်အတန်းဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ကျွန်ုပ်တို့၏ လုပ်ငန်းများ၊ ထုတ်ကုန်များနှင့် ပက်သက်ပြီး တိကျသော သတင်းအချက်အလက်များ ပေးနိုင်ရန် ဆုံးဖြတ်ထားပါသည်။

ကုမ္ပဏီသည် ဖောက်သည်များ၏ စဉ်ဆက်မပြတ် တုံ့ပြန်မှုကို ယုံကြည်ပြီး ဖောက်သည်များ ကုမ္ပဏီနှင့် ဆက်သွယ်နိုင်မည့် ဆက်သွယ်ရေးလမ်းကြောင်းများ အမြဲဖွင့်ထားပါမည်။

### (ဂ) ဝန်ထမ်းများ

ဝန်ထမ်းများအားလုံးကို အဖွဲ့အစည်းနှင့် လုပ်ငန်းခွဲများအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမြတ်ငွေ ရရှိရေးအတွက် မရှိမဖြစ် အရေးကြီးသော ပိုင်ဆိုင်မှုများအဖြစ် သဘောထားပါသည်။ ကျွန်ုပ်တို့သည် အထောက်အကူနှင့် အရည်အသွေးကို ဗဟိုပြုပြီး ကျန်းမာရေးနှင့် လုံခြုံရေးကို အမြင့်ဆုံး အာရုံစိုက်သည့် လုပ်ငန်းခွင်ကို ဖော်ဆောင်ပေးနိုင်ရန် အထူးလိုလားပါသည်။ ကျွန်ုပ်တို့သည် ဝန်ထမ်းများအားလုံးကို သာတူညီမျှစွာ ဆက်ဆံပြီး မည်သည့် အလုပ်အခွင့်အလမ်း ကိုမဆို မျှတပြီးတရားသော အခကြေးငွေများပေးပါသည်။

ကုမ္ပဏီသည် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ ဗဟုသုတနှင့် အလားအလာတို့ကို တိုးမြှင့်ခြင်းကို အရေးကြီးသော အရာအဖြစ်သတ်မှတ်ပြီး စွမ်းဆောင်ရည်မြင့်သော ဝန်ထမ်းများကို ဆွဲဆောင် ထိန်သိမ်းထားနိုင်မည့် အလုပ်အမျိုးစုံလင်သော အလုပ်ခွင်ကို တည်ဆောက်ပေးလိုပါသည်။

## (ဃ) ကုန်သွယ်စီးပွားဖက်များနှင့် ငွေချေးသူများ

ကျွန်ုပ်တို့၏ ကုန်သွယ်စီးပွားဖက်များနှင့် ငွေချေးသူများဖြင့် ပွင့်လင်းမြင်သာသော၊ ရေရှည်တည်တံ့သော၊ ယုံကြည်စိတ်ချရသော ဆက်ဆံရေးတည်ဆောက်နိုင်ရန် ၄င်းတို့အနေဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းကို အပြည့်အဝ နားလည်မှုရရှိရန် အရေးကြီးသည်ဟု ယုံကြည်ပါသည်။

ကုမ္ပဏီသည် ကုန်သွယ်စီးပွားဖက်များနှင့် သင့်တင့်မျှတသော သဘောတူညီချက်များ ရေးဆွဲရန်၊ ထိုသဘောတူညီချက်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် ငွေချေးသူများကို ပြည့်စုံပြီး တိကျသော ဘဏ္ဍာရေးအချက်အလက်များ ပေးနိုင်ရန် ကြိုးပမ်းသွားပါမည်။

## (င) ပြည်သူလူထု

ကုမ္ပဏီ၏ ပတ်ဝန်းကျင် လူမှုအဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်၏ လုံခြုံစိတ်ချရမှုနှင့် လုပ်ငန်းလှုပ်ရှားမှုများနှင့် ပက်သက်သော လူများ၏ ဘဝအရည်အသွေးကို အထူးဂရုပြုပြီး သက်ဆိုင်သော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် ရည်သန်ပါသည်။

ကုမ္ပဏီသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းကို အထောက်အကူပြုပြီး ဂရုစိုက်သော လုပ်ရှားမှုများအားလုံးတွင် တက်ကြွစွာ ပါဝင်ပြီး ကျွန်ုပ်တို့ လုပ်ဆောင်နေသော ယဉ်ကျေးမှုကောင်းများပြန့်ပွားနိုင်ရန် ကြိုးပမ်းနေပါသည်။

ကုမ္ပဏီသည် စွန့်ပစ်ပစ္စည်းများကို လူ့အဖွဲ့အစည်း၊ ပတ်ဝန်းကျင်နှင့် လူသားများကို သက်ရောက်မှုအနည်းဆုံး ဖြစ်စေမည့် ပုံစံမျိုးဖြင့် သန့်စင်ပြီး စွန့်ပစ်ပါသည်။

## (စ) ပြိုင်ဘက်များ

ကုမ္ပဏီသည် စီးပွားရေးပြိုင်ဘက်များနှင့်ယှဉ်ပြိုင်ရာတွင် အကောင်းမွန်ဆုံးလုပ်နည်းလုပ်စဉ်များဖြင့် ဥပဒေဘောင်အတွင်းမှ လေးလေးစားစား လုပ်ဆောင်မည်ဖြစ်ပြီး ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းနယ်ပယ်တစ်ခုလုံး၏ အကျိုးစီးပွား တိုးတက်လာစေရန် ကြိုးပမ်းသွားပါမည်။

## အပိုင်း ၄: သတင်းအချက်အလက် ထုတ်ပြန်မှုနှင့် ပွင့်လင်းမြင်သာမှု

### (က) သတင်းအချက်အလက် ထုတ်ပြန်မှု

ကုမ္ပဏီသည် ကုမ္ပဏီနှင့် ပက်သက်သော အရေးကြီးသည့် သတင်းအချက်အလက်များကို သင့်တော်သလို အခါအားလျော်စွာ တိတိကျကျ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်သွားပါမည်။

### (ခ) ရှယ်ယာဝင်များ/ရင်းနှီးမြုပ်နှံသူများနှင့် ဆက်ဆံရေး

ကုမ္ပဏီမှ ရင်းနှီးမြုပ်နှံသူများနှင့် ဆက်ဆံရေး အရာရှိသည် ရင်းနှီးမြုပ်နှံသူများ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြုပ်နှံသူများနှင့် အနည်းစုရှယ်ယာဝင်များ ပါဝင်သည့် ရှယ်ယာဝင်များ တို့နှင့်ထိတွေ့ဆက်ဆံသွားပါမည်။ ကုမ္ပဏီ၏စွမ်းဆောင်ရည်ကိုပြသနိုင်ရန် ပုံမှန် ခွဲခြမ်းစိတ်ဖြာရေး အစည်းအဝေးများ ပြုလုပ်သွားပါမည်။

### (ဂ) ဒါရိုက်တာများ၏ အချက်အလက်

ကုမ္ပဏီသည် ဒါရိုက်တာတစ်ယောက်ချင်းစီ၏ အချက်အလက်များနှင့် ဒါရိုက်တာများ ဘုတ်အဖွဲ့နှင့် ကော်မတီများ၏ တာဝန်နှင့်ကဏ္ဍများကို နှစ်ပတ်လည်အစီရင်ခံစာ (ပုံစံ ၅၆-၂)နှင့် နှစ်ပတ်လည်မှတ်ပုံတင်ခြင်းပုံစံ (ပုံစံ ၅၆-၁) တို့တွင် ထည့်သွင်းထုတ်ဖော်သွားပါမည်။

### (ဃ) ငွေကြေးအနေအထား အစီရင်ခံခြင်း

ကုမ္ပဏီသည် လက်ခံထားသော စာရင်းကိုင် အဆင့်အတန်းနှင့် အညီ တိကျစွာ၊ ပြည့်စုံစွာ၊ လုံလောက်စွာ တွက်ချက်ထားသော စာရင်းအင်းအချက်အလက်များပေါ် အခြေခံ၍ အမှန်တကယ် ဖြစ်ပေါ်နေသော ငွေရေးကြေးရေး အခြေအနေနှင့် စီးပွားရေး စွမ်းဆောင်ရည်တို့ကို ထင်ဟပ်သည့် ငွေကြေးအစီရင်ခံစာ လိုအပ်မှုကို အလေးပေးပါသည်။

### (င) ဒါရိုက်တာများနှင့် အကြီးတန်း စီမံခန့်ခွဲရေးတို့၏ လုပ်ခလစာ

ကုမ္ပဏီသည် ဒါရိုက်တာများနှင့် အကြီးတန်း စီမံခန့်ခွဲရေးတို့၏ လုပ်ခလစာကို နှစ်ပတ်လည် အစီရင်ခံစာ (ပုံစံ ၅၆-၂) နှင့် နှစ်ပတ်လည်မှတ်ပုံတင်ခြင်းပုံစံ (ပုံစံ ၅၆-၁)တို့တွင် ထည့်သွင်း ထုတ်ဖော်သွားပါမည်။

## အပိုင်း ၅:  ဒါရိုက်တာများ ဘုတ်အဖွဲ့၏ တာဝန်နှင့်ဝတ္တရားများ

သက်မှတ်ထားသော ဥပဒေ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ရန်နှင့် ဤကော်ပိုရိတ် အုပ်ချုပ်ရေး မူဝါဒ အကောင်အထည်ဖော်ရေးကို ကြီးကြပ်ကွပ်ကဲရေးသည် ဒါရိုက်တာများ ဘုတ်အဖွဲ့၏ တာဝန်ဖြစ်သည်။

ထိုအပိုင်းနှင့်ပက်သက်၍ ဘုတ်အဖွဲ့သည် ကျင့်ဝတ်စည်းမျဉ်များ၊ ဘုတ်အဖွဲ့၏ ပဋိညာဉ်၊ သက်ဆိုင်ရာ ကော်မတီ ဘုတ်အဖွဲ့(ဥပမာ။ ။ စစ်ဆေးရေး၊ လျော်ကြေးခံစားခွင့်)နှင့် ရှင်းလင်းသော ပဋိညာဉ်များ၊ သင့်တော်သော ဘုတ်အဖွဲ့မပါသည့် ကော်မတီများ(ဥပမာ။ ။ အန္တရာယ် စီမံခန့်ခွဲရေး)နှင့် ရှင်းလင်းသော ပဋိညာဉ်များအပြင် ၎င်းတို့၏ တာဝန်ဝတ္တရားများအပေါ် စွမ်းဆောင်မှုမှတ်တမ်းများ(ဥပမာ။ ။ ဒါရိုက်တာများ၏ မှတ်စု၊ သင်တန်းမှတ်တမ်း၊ စသည်) တို့စနစ်တကျ ပြုစုထားခြင်းကို သေချာဆောင်ရွက်ရပါမည်။ ဘုတ်အဖွဲ့သည် နှစ်စဉ် စွမ်းဆောင်ရည်ကို ကိုယ်တိုင်စစ်ဆေးမှုမှန်မှန်ပြုလုပ်ရပါမည်။